**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ်၊ ၃၇/၂၀၂၀

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၆ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ၂၈-၂-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၁၉/၂၀၂၀ ဖြင့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019- COVID-19) ကို ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ အများပြည်သူတို့သည် COVID-19 ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေး တို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ဆောင်ရွက်ချက်များ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

၃။ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အောက်ပါကိစ္စရပ်များမှအပ လူ ငါး ဦး ဖြစ်စေ၊ လူ ငါး ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရ-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ လုပ်ငန်းခွင်မှ ပြန်ခြင်း၊

(ခ) ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ရန် လုပ်ငန်းခွင်သို့ သွားရောက်ခြင်း၊ လုပ်ငန်းခွင်မှ ပြန်ခြင်း၊

(ဂ) ခွင့်ပြုချက်ရရှိထားသော ဈေး၊ ကုန်တိုက်များတွင် ဈေးရောင်း ဈေးဝယ်ပြုလုပ်ခြင်း၊

(ဃ) ခွင့်ပြုချက်ရရှိထားသော ကုန်စည်သယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်း၊

(င) တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(စ) ခွင့်ပြုချက်နှင့်အညီ COVID-19 ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းနှင့် အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဇ) ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ခြင်း၊

(ဈ) နာရေးကိစ္စဆောင်ရွက်ခြင်း။

၄။ COVID-19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

MW
16.4.20

(ဒေါက်တာမြင့်ထွေး)

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁မဆ(ဆ)၂၀၂၀/၆၄၁၆

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ(၁၆)ရက်